# ဂြိစဂွ

## မေရသကကျိန်စာ



# စာရေးသူ၏ အမှာ စာ

အတ္တဂမ္ဘီရ အကျိုး၏ ဆန်းကြယ်နက်နဲခြင်း၊

ဓမ္မဂမ္ဘီရ အကြောင်း၏ ဆန်းကြယ်နက်နဲခြင်း၊

ဒေသနာဂမ္ဘီရ တရားတော်၏ ဆန်းကြယ်နက်နဲခြင်း၊

ပဋိဝေဓ ဂမ္ဘီရပညာ၏ ဆန်းကြယ်နက်နဲခြင်း၊

ဟူ၍ ဂမ္ဘီရနှင့် ပတ်သက်သော အချက်များကို ကျမ်းဂန်များ ၌ ဖတ်ရှုရပါသည် ။

ဂမ္ဘီရမှာ ပါဠိစကားဖြစ်ပြီး  အဓိပ္ပာယ်မှာ ဆန်းကြယ်နက်နဲခြင်းပင် ဖြစ်ပါသည် ။

အချို့ကလည်း လျှို့ဝှက်နက်နဲခြင်း ဟူ၍ အဓိပ္ပာယ် ကောက်ကြပါသည် ။ လူ၏ အဇ္ဈတ္တ သဘောမှာ မြင်နေရတာထက် မမြင်ရတာကို ပိုမို၍ စိတ်ဝင်စားကြခြင်း၊ သိပြီးသားအရာထက် မသိကြသေးသော အရာကို ပိုမို၍ စိတ်ဝင်စားကြခြင်း၊ လျှို့ဝှက်သောအရာ၏ အဖြေကို သိလိုသော ဆန္ဒရှိပေရာ ဂမ္ဘီရ၏ ဆန်းကြယ်ခြင်းကို စိတ်ဝင်စားကြခြင်း ဖြစ်ပေသည် ။

ထို့ကြောင့် ကျွန်တော်ရေးသားသော ဝတ္ထုတိုင်းမှာ စာဖတ်သူများ အတွက် စိတ်ဝင်စားစရာ ကောင်းပြီး အကျိုးရှိနိုင်မည့် သုတရသ တစ်ခုခု

ကို ပေးနိုင်အောင် ကြိုးစားခဲ့ပါသည် ။ ယခုရေးသားသော "မေရှသက ကျိန်စာ" ဝတ္ထုတွင် ရှေးက မြန်မာသမားတော်ကြီးများ အဆိုပြုသော ဓာတ်ပညာနှင့် ပတ္တမြားနှင့်ပတ်သက်၍ သုတရသများကို ထည့်သွင်း ရေးသားထားပါသည် ။

သည် နေရာတွင် အလျဉ်းသင့်၍ ပြောလိုသည် မှာ ကျွန်တော်ရဲ့ ထွက်ပြီးသွားသော ဝတ္ထုများ ထဲ ဂမ္ဘီရဆိုင်ရာ အချက်အလက်များ ၊ မှတ်တမ်းများ ၊ ဓာတ်လမ်းဓာတ်ကွက် အချို့ကိုယူ၍ အသုံးပြုရန် လာရောက် ခွင့်တောင်းကြသော စာပေမိတ်ဆွေများအား ခွင့်ပြုပါကြောင်းနှင့် မည်သည့်ဓာတ်မှ မည်သည့်အကြောင်းအရာကို ယူငင် သုံးစွဲသည် ကိုသာ အကြောင်းကြားစေလိုကြောင်း ပန်ကြားရင်း ဆက်လက်၍ ဂမ္ဘီရဆန်းကြယ် ဝတ္ထုများအား အကြောင်းအရာနှင့် ဓာတ်လမ်းများ ထူးခြားဆန်းကြယ်မှု ရှိစေရန် ကြိုးစားအားထုတ်လျက် ရှိပါသည် ။

ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည် ။

ခင်မင်လေးစားမှုဖြင့်

(တြိစက္ခု)

******

ဒဿနလက်ဆောင်

-နေကလည်း သူ့နေရာမှ သူ့ထွက်နေတာပဲ။

လကလည်း သူ့နေရာမှ သူသာနေတာပါပဲ။

ဒါပေမဲ့ ကမ္ဘာမြေပေါ်ကိုတော့ အလှည့်ကျ ရောက် လာလေ့ရှိပါတယ်။

အဲဒါ ဘာကြောင့်လည်း ဆိုတော့ သဘာဝမတူရင် မဆုံစည်းနိုင်တဲ့ သဘောပါပဲ....။

-အလွန်တရာ မာကျောလှသည့် သစ်ပင်များ သည် အခြားနေရာတွင် ပေါက်လေ့မရှိဘဲ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်များ စွာ ခံရသော တောင်ထိပ်၌ သာ ပေါက်လေ့ရှိပါသည် ။

-အသံမပြည်ပါက ခေါင်းလောင်းဟု မခေါ်ထိုက်ပါ။ သာယာသော သံစဉ်မရှိပါဘဲ သီချင်းဟု မခေါ်ထိုက်ပါ။ ချစ်ခြင်းမေတ္တာကို တန်ဖိုးမထားတတ်သူလည်း ကြင်နာတတ်သူဟု မခေါ်ထိုက်ပါ။

ထို့အတူ...

ပညာရှိသော်လည်း ဖျန်ဖြေပေးမှုမရှိသူကို ပညာရှိဟု မခေါ်ဆိုထိုက်ပေ။

-သဘောထားကြီးမှု၊ နားလည်လက်ခံမှု၊ သည်းခံနိုင်မှု၊ သိက္ခာရှိမှု၊ ချစ်ခင်ကြင်နာမှု၊ စာနာထောက်ထားတတ်မှုတွေ ထားနိုင်ရင် ခိုင်မြဲတဲ့ ပျော်ရွှင်မှုမျိုး ရနိုင်ပါတယ်။

-လူသတ္တဝါမှန်သမျှ ဆင်းရဲဒုက္ခနဲ့ ကြုံရင် ကျော်လွှားနိုင်တဲ့ စွမ်းရည် ကိုယ်စီ ရှိကြပါတယ်။

ဒါပေမဲ့ အဲဒီစွမ်းရည် မှန်မှန်ကန်ကန် ထုတ်သုံးနိုင်ဖို့ တော့ အရေးကြီးပါတယ်။

-ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမထားသမျှ၊ အထင်မကြီးသမျှ ဘယ်တော့မှ အောင်မြင်မှုရလိမ့်မည် မဟုတ်ပေ။ ကိုယ့်မှာ ရှိသော ကိုယ်စွမ်းဉာဏ်စွမ်းကို အားကိုးယုံကြည်မှုထားပြီး အလုပ်လုပ်မှ သင့်ဘဝအတွက် အောင်မြင်မှု ရနိုင်ပေမည်။

-ဘဝတွင် အာရုံစူးစူးစိုက်စိုက် ပြုလုပ်ခြင်း၊ စိတ်ကို တစ်ခုခုတွင် နှစ်မြှုပ်ဆောင်ရွက်ခြင်း၊ ဘယ်အရာမဆို စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက တိုးတက်သော်လည်း မအောင်မြင်နိုင်ပေ။ အောင်မြင်သော်လည်း မကြီးပွားပေ။

-ကြီးမားသော ကိစ္စဖြစ်စေ...

သေးငယ်သော ကိစ္စဖြစ်စေ..

ဘယ်အရာကိုမှ ကတိကို လွယ်လွယ်နှင့် မပေးသင့်ပေ၊ ကတိပျက်ဖန် များ လာလျှင် သင့်အတွက် မိတ်ဆွေဆုံးရှုံးမှု ပိုများ လာပေလိမ့်မည်
။

-ချစ်ခြင်းမေတ္တာသည် အရာရာကို ဖန်ဆင်းနိုင်သည် ဆိုသော်လည်း တစ်ယောက်တည်း နေရသူအဖို့ တော့ အဓိပ္ပာယ်မရှိလှပေ...

-ဒုက္ခဆိုတဲ့ စကားလုံးကို မတွေ့ခင်က ကြိုပြီး မကြောက်ပါနဲ့ တွေးပြီး ကြောက်ရတာက ပိုပြီး ခံရခက်ပါတယ်၊ ဒါကြောင့် မလွဲမသွေ တွေ့မှ ပဲ ကျော်လွှားနိုင်အောင် ကြိုးစားလိုက်ပါ။

-လောကမှာ စိတ်ဓာတ်ပျော့ညံ့သူနဲ့ ဝီရိယ မရှိသူတွေဟာ အမြဲတမ်း ဘေးမှာ ပဲ နေရတတ်ပါတယ်...

ဥပမာ.. ထုထည်ကြီးမားတဲ့ သစ်သားကိုယ်ထည်ထဲကို သေးငယ်တဲ့ သံချောင်းက ဘာကြောင့် တိုးဝင်သွားသလဲဆိုတော့ သံချောင်းက သစ်သားထက် ပိုမာပြီး မရမနေ တိုးဝင်သွားလို့ သစ်သားက နေရာဖယ်ပေး လိုက်ရတာပါပဲ။

-နေရာတကာတိုင်း၊ အလုပ်တိုင်းမှာ 'ဖြစ်မှ ဖြစ်ပါ့မလား' ဆိုပြီး အမြဲတွေးနေသူအတွက် ထိုက်တန်တဲ့ အောင်မြင်မှုဆိုတာ ဘယ်တော့မှ ရမှာ မဟုတ်ပါဘူး။

******

# အခန်း (၁)

## ထူးဆန်းသော သတင်းတစ်ပုဒ်

တစ်နေ့သ၌ ကျွန်ုပ်သည် နံနက်အိပ်ရာထလျှင် ဆောင်ရွက်မြဲ ကိစ္စများ ဖြစ်သော ဘုရားဝတ်ပြုခြင်း၊ ပုတီးစိပ်ခြင်း အမှုများကို ပြုလုပ်ပြီး အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့သည် ။

ထိုအခါ ဧည့်ခန်းစားပွဲပေါ်မှာ တပည့်ကျော် မောင်တိုးအောင် စီစဉ်ပေးထားသည့် ရွှေခြသေ့်ကော်ဖီတစ်ခွက်၊ လက်ဖက်ခြောက်များများ ခပ်ထားသည့် လက်ဖက်ရည်ကြမ်းတစ်အိုး၊ ပဲပြုတ်တစ်ပန်းကန်နှင့် ပူပူနွေးနွေး ဘိန်းမုန့်တို့ ကို အဆင်သင့် တွေ့ရလေသည် ။

ဘိန်းမုန့်မှာ လှည့်လည်ရောင်းချသော ဈေးသည် များ ထံမှ ဝယ်ယူထားခြင်းမျိုးမဟုတ်ဘဲ ငါးထပ်ကြီးဘုရား အရှေ့ဘက် စောင်းတန်းထိပ်တွင် ဝါးတဲဖြင့် ထိုးရောင်းသော မောင်ရွှေဘိန်းမုန့် ဖြစ်သည် ။

၎င်းဘိန်းမုန့်မှာ မြန်မာမုန့်စစ်စစ်ပင် ဖြစ်လင့်ကစား နိုင်ငံခြားဖြစ် မုန့်များ နှင့် ယှဉ်လျှင် အဆင့်အတန်း မနိမ့်လှသဖြင့် လူကြိုက်များ လှပေသည် ။

ဆန်နှစ်၊ ကြက်ဥ၊ နွားနို့၊ သကြား၊ အုန်းသီး၊ နှမ်း အစရှိသည် တို့ ကို အချိုးကျစွာ ပြုလုပ်ထားသဖြင့် ဝါးတဲဖြင့် ရောင်းချစေကာမူ နေ့ရောညပါ ဝယ်သူများ ၊ စားသောက်သူများ နှင့် အမြဲတမ်း စည်ကားနေလေ့ရှိသည် ။

၎င်းနှင့် မျက်နှာချင်းဆိုင် အညာသားတစ်ဦး လာရောက်ဖွင့်လှစ်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိသည် ။

"အညာသားကဖီး" ဟု ဆိုင်းဘုတ်တပ်ထားသည် ။ လက်ဖက်ရည်ဖျော်သူနှင့် လက်ဖက်ခြောက် နှပ်သူမှာ ဆိုင်ရှင် အညာသားကိုယ်တိုင်ပင် ပြုလုပ်သည် ။

စားပွဲထိုးခြင်းနှင့် ကျန်အလုပ်များကိုသာ အခြား အလုပ်သမားများကို မျက်နှာလွှဲကာ ခိုင်းစေလေ့ရှိသည် ။

အဘယ်ကြောင့် ဆိုသော်..

လက်ဖက်ရည်ဆိုင် တစ်ဆိုင်၏ ကြီးပွားတိုးတက်ခြင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်းမှာ စားပွဲထိုးနှင့် လက်ဖက်ရည် ဖျော်သူများကြောင့်ဆိုလျှင် မမှားပေ…

မိမိဆိုင်တွင် သောက်နေကျ ဖောက်သည် များကို မမှတ်မိသော လက်ဖက်ရည်ဖျော်သူများ ၊ မှာ တာတခြား ဖျော်တာတလွဲ လုပ်လေ့ရှိသည့် လက်ဖက်ရည်ဖျော်သူများ နှင့် လက်ဖက်ရည် အရသာပျက်အောင် ဖျော်တတ်သည့် လက်ဖက်ရည်ဖျော်သူများကို ထားမိပါက ထိုဆိုင်တွင် ဘယ်သောအခါမှ ဖောက်သည် မမြဲတတ်ကြပေ။ စားပွဲထိုးများကလည်း ထိုနည်းအတိုင်းပင်..

တစ်ဆိုင်ထဲသို့ သောက်မည့်သူ ဝင်လာသည် နှင့် 'လာပါ ထိုင်ပါ၊ ဘာသောက်မလဲဆရာ' ဟု မေးဖော်မရ။ ရှေ့ကလူများ သောက်သွားသဖြင့် စားပွဲပေါ်မှာ တင်ကျန်ခဲ့သော ဆေးလိပ်ပြာ၊ ရေနွေးကြမ်း၊ လက်ဖက်ရည် အကြွင်းအကျန်များကိုပင် သုတ်သင် ရှင်းလင်းပေးဖော်မရ။

ရေနွေးကြမ်းမှာ လျှင် အိုးပါ ပြန်မလာတော့သည့် စားပွဲထိုးများ ၊ လက်ဖက်ရည်သောက်သူ မှာ တာကို သေချာစွာ နားမထောင်ဘဲ မှာ တာ တခြား၊ လာပို့တာတလွဲ လုပ်လေ့ရှိသည့် စားပွဲထိုးများကို ထားမိပါက ထိုလက်ဖက်ရည်ဆိုင်မျိုးသည် ကြီးပွားတိုးတက်နိုင်စရာ အကြောင်းမမြဲ

င်ဘဲ တဖြည်းဖြည်းနှင့် ဖောက်သည် ပါးသွားကာ ပျက်စီးဆုံးရှုံးခြင်းသို့ ရောက်မည်မှာ မလွဲပေ။

လက်ဖက်ရည်ဆိုင်ဓလေ့မှာ တရုတ်လူမျိုးများက စတင်ခဲ့ခြင်းဖြစ်သည် ။ တရုတ်လူမျိုးများ သည် လက်ဖက်ရည်ဆိုင် လုပ်ငန်းကို ကြီးပွားတိုးတက်ရာ လုပ်ငန်းအဖြစ် သားစဉ်မြေးဆက် ပြုလုပ်ကြသည် ။

မြို့ကြီးများ နှင့် မြစ်ဝကျွန်းပေါ် မြို့များ ၏ သင်္ဘောဆိပ်၊ ကားဆိပ်နှင့်နီးရာ ဈေးနှင့်နီးရာ လူသွားလူလာများ သော လမ်းဆုံလမ်းခွတိုင်းမှာ တရုတ်များ ဖွင့်သည့် လက်ဖက်ရည်ဆိုင်နှင့် ကုန်စုံဆိုင်များ ရှိသည် ကများ သည် ။

တရုတ်လူမျိုးတို့ သည် စားပွဲထိုးခြင်းနှင့် လက်ဖက်ရည်ဖျော်ခြင်းကို အခြားသူများကို မခိုင်းဘဲ ကိုယ်တိုင်လုပ်လေ့ ရှိသည် ။

ဆိုင်ထဲသို့ လူတစ်ယောက် ဝင်လာသည် နှင့်

"လာပါ ထိုင်ပါဆရာ ဘာသောက်မလဲ.. ဘာစားမလဲ" ဟု မေးပြီး ထိုင်ခုံသုတ်ပေးခြင်း၊ နေရာချပေးခြင်း၊ စားပွဲသန့်ရှင်းရေး လုပ်ပေးခြင်း ( အကယ်၍ သန့်ရှင်းနေလျှင်သော်မှ ထိုသူ ဝင်ထိုင်သည် နှင့် ၎င်းတို့ လက်ထဲမှာ အမြဲကိုင်ထားလေ့ ရှိသည့် အဝတ်စဖြင့် ထပ်မံ၍ သုတ်ပေးလေ့ရှိသည် ) စားပွဲပေါ်မှ ရေနွေးကြမ်းအိုး ပန်းကန်များ ပြင်ဆင်ပေးခြင်း အစရှိသည် တို့ ကို ပျာပျာသလဲ ပြုလုပ်ပေးတတ်ကြသဖြင့် တော်ရုံလက်ဖက်ရည် သောက်၍ ခံတွင်းမတွေ့လျှင်သော်မှ ထိုသို့ ညှော့ဝတ်ကျေပွန်မှုကြောင့် အတော်များများမှာ စိတ်ကျေနပ်မှုရကာ ထိုဆိုင်သို့ အမြဲရောက်လေ့ ရှိကြသည် ။ ကျွန်ုပ်နေထိုင်ခဲ့သော ဘိုကလေးမြို့ (ဗိုလ်ကလေးမြို့) ဒုတိယလမ်းနှင့် သင်္ဘောဆိပ်လမ်းထောင့်၊ မြို့မဈေးကြီးအရှေ့ဘက်မှာ ဖွင့်ထားသော အေဝမ်း လက်ဖက်ရည်ဆိုင်မှ တရုတ်

လူမျိုးတို့ ဖွင့်ထားသောဆိုင်ဖြစ်သည် ။

နှစ်ပေါင်းများ စွာကတည်းက ဖွင့်လှစ်ခဲ့ကြရာ ယခုတိုင်အောင် ရှိနေဆဲဖြစ်သည် ။

ဘိုကလေးမြို့ပေါ်မှာ အခြားလက်ဖက်ရည်ဆိုင်များ ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်သော်လည်း အေဝမ်းလက်ဖက်ရည်ဆိုင်ကတော့ ယခုထက်တိုင် လူစည်ကားမြဲ စည်ကားနေလျက် ရှိသည် ။ ၎င်းဆိုင်မှ ဖျော်သော လက်ဖက်ရည်မှာ အခြားဆိုင်မှ ဖျော်သော လက်ဖက်ရည်နှင့် များ စွာ မကွာခြားလှသော်လည်း စားပွဲထိုး ကျွမ်းကျင်မှုနှင့် ဖော်ရွေမှုကတော့ အခြားသူများ လိုက်မမီနိုင်သော အချက်ပင်ဖြစ်သည် ။

ကျွန်ုပ်ရှိစဉ်က အေဝမ်းလက်ဖက်ရည်ဆိုင်မှာ "ကိုဟုတ်" ဆိုသော လူရွယ်တစ်ဦးရှိရာ သူနှင့်တွေ့လျှင် ဘယ်သောအခါမှ စိတ်ရှုပ်ထွေးနေခြင်းမျိုး မတွေ့ရဘဲ ကြည်လင်ရွှင်ပျနေခြင်းကပင် သူတို့ အတွက် အောင်မြင်မှု၏ သော့ချက်တစ်ခု ဖြစ်နိုင်ပါသည် ။ ဆိုင်ထဲသို့ လူဝင်လာရင် " ဘာသောက်မလဲ" ဟု ဝတ္တရားကျေ လာမေးသူများ နှင့်စာရင် သူ့အမူအရာမျိုးက စိတ်ချမ်းသာမှုကို ရရှိစေနိုင်သည် ။ လက်ဖက်ရည်နှင့် ဘိန်းမုန့်တို့ ကို စားသောက်နေစဉ် နံနက်ပိုင်းထုတ် သတင်းစာ လာပို့သဖြင့် အေးအေးဆေးဆေး ဖတ်ကြည့်မိသည် ။ သံတော်ဆင့် သတင်းစာ၏ ခေါင်းကြီးပိုင်း၌ ရေးသားထားသည့် သတင်းစာသီကုံးသူ ဆရာ၏ ဝတ္ထုပဋိပတ္တိကာရဏကထာကို စိတ်ဝင်စားသောကြောင့် ဖတ်ကြည့်မိလေသည် ။

**ဘင်္ဂလား၊ ဘိလပ်၊ မဒရပ်၊ အင်္ဂလန်၊ အမေရိကန်၊ ဇာမဏီ၊ တူရကီ ၊ ရောမတိုင်းအလယ်ပိုင်း စိန့်ပီတာ၊ အမြီရာဘုံဘိုင် ပရန်သစ်တိုင်း နယ်ခရိုင်နှင့် ထက်ကျောက်စိုင်အတွင်း အစိုးရမင်းတို့ ၏ ကျက်သရေ၊**

တိုင်းကျက် သွေဂုဏ်ဒြပ်တုန်ရဟပ်ပဲ့ တင်ညှောင်းသော သတင်းစာတိုက် အပေါင်အနက်တွင် ရေဂယက်ဦးတိုက်သော၊ ထူးသမိုက်မင်္ဂလာ၊ ရန်ကုန်မြို့ ပြည့်ဟံသာတွင်း သတင်းစာ မြန်မာ့ထုံးနှင့်အစွဲ အသုံးပြုကြသည့် ဟု ပဝေနီ အထက်က သင်္ဂဟ မိတ်ဆွေတို့ သတင်းစာနေကို နှိုက်မွေ၍ ကုန်စင်သိအောင် မြန်မာဘာသာ သတင်းစာဟူ၍ မရှိ၊ လောကီ လောကုတ်၊ ပုဒ်နှစ်ပုဒ်ကို ဓာတ်ရုပ်ခွဲခြမ်း၍ စည်းကမ်းဥပဒေရှိသည့်အလျောက်၊ ရန်ကုန်မြို့တစ်လျှောက်နှင့် အနောက်ဘက် ဘင်္ဂလား သတင်းစာသီကုံးသူ ဆရာများ တို့ လက်သုံးပြုထားသော ဝတ္တရာ အကြောင်းကို သခင် ပဆင့်လောင်း၍ အကြောင်းအမြွက်ပေအံ့…

သတင်းစာစီရင်သော ဆရာတို့ ဟူသည် အဂတိလေးပါးသို့ မလိုက်စားသော တရားသူကြီးကဲ့သို့ ချိန်သီးသဖွယ် အလယ်ဗဟိုရ်၌ ဖြောင့်မတ် တည်ကြည်စွာ မေတ္တာကို ရှေ့ထား၍ တရားသက်သမျှ၊ အစီရင်ခံအလွှာအရကို၊ ကောက်တန်နှင့် ပြသဖြင့် ဧကန္တဟုတ်မှန်သော ဘူတတစ္စစကားကို အဘူတ အတစ္စဖြစ်အောင် ကြံဆောင်၍ လည်း မထည့်အပ်…

အကြောင်းအမှုသည် အကယ်၍ ဖြောင့်မှန်သည် ဖြစ်တံ့၊ ထိုအမှုကို ဖြောင့်သောအကြောင်းအရာ အတိုင်းသာ ထည့်သွင်းရာ၏။ တစ်ဖက်သောသူအား မျက်နှာကြီးငယ် လိုက်စား၍ မဟုတ်မလျော်း မထည့်ရချေ…

အစချီသော သတင်းရေးသားသူတို့ စောင့်စည်း လိုက်နာအပ်သော ဝတ္တရားများ အကြောင်းကို အကျယ်တဝင့် ရေးသားထားသည် ကို ဖတ်ရှုရသော အခါများ စွာ သဘောကျမိပေသည် ။

ထို့ပြင် သတင်းစာမှာ ပါသော ရိုက်နှက်မှု၊ ဓားပြမှု၊ ခိုးမှု၊ ဓားထိုးမှု၊

လိမ်လည်မှု၊ ဘိန်းရောင်းသည့် အမှုများ အကြောင်းကို အကျယ်တဝင့် ရေးသားထားသည့် သတင်းများ အကြောင်းကို ဖတ်ရှုပြီးသည့်နောက် သတင်းများ အကြောင်းအရာများကို ဖတ်ရှုပြီးနောက် ထူးဆန်းလှသော ပတ္တမြားတစ်လုံးအကြောင်း ခေါင်းစဉ်ဖြင့် ရေးသားထားသော သတင်း တစ်ပုဒ်ကို တွေ့ရသဖြင့် စိတ်ဝင်စားစွာ ဖတ်ကြည့်မိသည် ။

(ထူးဆန်းလှသော ပတ္တမြားတစ်လုံးအကြောင်း သတင်း)

ရန်ကုန်မြို့ သိမ်ကြီးဈေးအနီး၊ မဂိုလမ်း ပေတစ်ရာမျက်နှာထိပ်တွင် နေထိုင်လျက်ရှိသော ကုလားနာမည် ကျုရုမာလီဖြစ်၍ ဗမာနာမည် ဦး မောင်ရွှေမည်ရှိ ကုလားသူဌေးတစ်ယောက်မှာ မျိုး မကြာမီ လပိုင်း အတွင်းက ကုန်သည် တစ်ယောက်ထံမှ ပတ္တမြားကြီးတစ်လုံးကို အတိုး နှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိခဲ့ကြောင်း၊ ၎င်းပတ္တမြားကို လာရောက် ရောင်းချသူမှာ ပဲခူးနယ်ဘက်က ဖြစ်ပြီး ထိုပတ္တမြားကြီးကို ငါ့လက်မှ လွတ်လျှင် ပြီးရောသဘောဖြင့် အဘိုးစားနား ဈေးစကား သိပ်မဆိုဘဲ အလျင်စလို ရောင်းချသွားသဖြင့် တန်ဖိုးထက်များ စွာ နည်းသော တန်ဖိုးနှင့် ဝယ်ယူလိုက်ကြောင်း၊

ထိုသို့ ဝယ်ယူပြီးလျှင် မိမိဇနီးသည် အား ရွှေဘယက်အလယ်တွင် တပ်ဆင်ပြီး ချစ်မြတ်နိုးစွာဖြင့် လက်ဆောင်ပေးထားခဲ့ကြောင်း၊ မယား ဖြစ်သူကလည်း ထိုပတ္တမြားဘယက်ကို နှစ်သက်မက်မောစွာဖြင့် ဝတ် ဆင်ထားရာ၊ နှစ်လသုံးလ အချိန်ကာလအတွင်း သိသိသာသာကြီး ညှိုးချုံးပိန်လှီကာ ယမန်နေ့ညက ကြောက်မက်ဖွယ်ရာ အော်ဟစ်ညည်း ညူရင်း သေဆုံးသွားလေတော့သဖြင့် သူနာတန်းသို့ ပို့ရလေသည် ။

သူနာတန်းတွင် ဆရာဝန်ကြီးများက အထူး စမ်းသပ်စစ်ဆေး ကြည့် သောအခါ ထိုမိန်းမမှာ သွေးသားများ ခန်းခြောက်ကာ ရုတ်တရက် သေ

ဆုံးရကြောင်း သိရသဖြင့် ထိုထူးဆန်းသော အမှုမှာ အနောက်တိုင်း ရာဇဝတ်အုပ် မီလာသခင် ပိုင်နက်တွင် ဖြစ်သောကြောင့် အထူးကြပ်မတ်ကာ စုံစမ်း စစ်ဆေးလျက် ရှိပါကြောင်း၊

ဟူ၍ အကျယ်တဝင့် ရေးသားထားသည် ကို ဖတ်ရှုသဖြင့် များ စွာ စိတ်ဝင်စားမှု ဖြစ်ရလေသည် ။

ထို့နောက်...

သတင်းစာကို ပြန်ချထား၍ ဘိန်းမုန့်၊ ပဲပြုတ်နှင့် ကော်ဖီတို့ ကို သောက်ရင်းနှင့် ထိုအကြောင်းကို စဉ်းစားနေမိသည် ။ ထိုအမျိုးသမီး သေဆုံးရခြင်းမှာ သွေးရိုးသားရိုးပဲလား။ ဒါမှ မဟုတ် ပတ္တမြားကြောင့်ပဲလားဟု အမျိုးမျိုး တွေးနေမိရာမှ သတိရသဖြင့် စာအုပ်စင်မှ စာအုပ်တစ်အုပ်ကို ထယူပြီး ဖတ်ရှုကြည့်လေသည် ။

ထို စာ အု ပ် မှာ နိုင်ငံခြားမှ စာရေးဆရာတစ်ယောက် ရေးသော စာအုပ်ကို ဘာသာပြန်ထားခြင်းဖြစ်ပြီး စာအုပ်၏ အမည်မှာ ..

"ဆန်းကြယ်လှစွာ ကျောက်မျက်ရတနာ" ဟူ၍ ဖြစ်သည် ။

စာအုပ်ထဲမှာ ကမ္ဘာအရပ်ရပ်မှ ထူးဆန်းသော ကျောက်မျက်ရတနာများ အကြောင်းကို ရေးသားထားသည် ။

ကျိန်စာသင့်နေသော ရတနာများကို ဝတ်ဆင်မိသဖြင့် အန္တရာယ်အမျိုးမျိုးနှင့် ကြုံခဲ့ကြရပုံများကို ဓာတ်ပုံအထောက်အထား မှတ်တမ်းများ ဖြင့် ရေးသား ဖော်ပြထားသည် ။

မြန်မာနိုင်ငံမှ ပတ္တမြားငမောက်နှင့် မနောမယ ပတ္တမြားအကြောင်းလည်း တစ်စိတ်တစ်ဒေသ ပါဝင်သည် ။

ကမ္ဘာပေါ်တွင် ထင်ရှားသော စိန်ကြီးတစ်လုံးဆိုလျှင် ဝတ်ဆင်သူ

တိုင်း ဘေးဆိုးအန္တရာယ်များ နှင့် တွေ့ကာ သေဆုံးရသဖြင့် နောက်ဆုံး ဘယ်သူမှ လက်ထဲမှာ မထားဝံ့ကြတော့ဘဲ ပြတိုက်သို့ ပေးလှူခဲ့ရ ကြောင်း ဖတ်ရှုရသဖြင့် ယခု သတင်းစာမှာ ပါသောအကြောင်းနှင့် ဆက်စပ်လျက် ရှိပေသည်။

"အခု သတင်းစာထဲမှာ ပါတဲ့ ပတ္တမြားဟာ ဝတ်ထားတာနဲ့ ရုပ်ပျက် ဆင်းပျက်ဖြစ်ပြီး သေရတာဆိုတော့ စာအုပ်ထဲမှာ ပါတဲ့ ကျိန်စာသင့်နေ တဲ့ ရတနာတွေလိုများ ဖြစ်နေရော့မလား၊ မဖြစ်သေးပါဘူး၊ ဒီကိစ္စကို ငါ့ ရဲ့ မိတ်ဆွေ ဒေါက်တာမင်းထင်ကျော်ဆီသွားပြီး မေးမြန်း တိုင်ပင်ကြည့် ရင် အဖြေတစ်ခုခုတော့ သိရနိုင်တယ်" ဟု စဉ်းစားမိပြီး အဝတ်အစား လဲလှယ်၍ ကျွန်ုပ်၏ အော်စတင်ကားကလေးနှင့် ဒေါက်တာမင်းထင် ကျော် နေထိုင်ရာ ရွှေတောင်ကြားဘက်သို့ မောင်းလာခဲ့သည်။

ဒေါက်တာမင်းထင်ကျော် နေသောနေရာမှာ ရွှေတောင်ကြား ရပ်ကွက်ထဲမှာ ဖြစ်သည်။

ဘောင်ဒရီလမ်းမှ ဝင်လာခဲ့ပြီး မိုးညှင်းတောရကျောင်းဝန်းနား မ ရောက်မီ လက်ဝဲဘက်သို့ ချိုးဝင်သောလမ်းအတိုင်း တစ်ကွေ့နှစ်ကွေ့မျှ လွန်ရုံနှင့် ဒေါက်တာမင်းထင်ကျော်ခြံသို့ ရောက်တော့သည်။

၎င်းခြံမှာ လမ်းမတန်းမှ အနည်းငယ် ချိုးကွေ့ဝင်ရသော နေရာမှာ ရှိသည်။ ခြံတံခါးဝရောက်၍ ကားဟွန်းသံ ပေးလိုက်သောအခါ ခြံစောင့် ခြံတံခါး လာဖွင့်ပေးသည်။

ကျွန်ုပ်၏ ကားသံ ကြားတော့ ဒေါက်တာမင်းထင်ကျော်က အိမ်ထဲမှ ထွက်လာသည်။

သူသည် အသက်သုံးဆယ်ကျော် အရွယ်ခန့် လူလွတ်တစ်ဦးဖြစ်ကာ မိဘများ ထံမှ အမွေရထားသော ခြံနှင့်အိမ်ကြီးမှာ တပည့်များ နှင့်

နေထိုင်နေသူ ဖြစ်သည် ။

သူသည် ဘွဲ့ရပြီးနောက်ပိုင်းတွင် ဝါသနာပါသော သုတေသန လုပ်ငန်းများကိုသာ လုပ်ကိုင်ခဲ့သည် ။

ထူးဆန်းသော ကျောက်များ နှင့် ထူးဆန်းသော သစ်ပင်မျိုးနွယ်များ အကြောင်းကို စနစ်တကျ သုတေသန ပြု၍ မှတ်တမ်းများ ပြုစုနေသူ ဖြစ်သည် ။

ဒေါက်တာမင်းထင်ကျော်သည် ကျွန်ုပ်နှင့် စိတ်သဘောတူ တစ်ယောက်ဖြစ်ကာ မြန်မာနိုင်ငံ အနှံ့အပြားသို့ ခရီးဝေးများ အတူတကွ ထွက်ခဲ့ကြသူလည်း ဖြစ်၏။

ကျွန်ုပ်က စာရေးရန်အတွက် ကုန်ကြမ်းများ ရှာသလို သူကလည်း ဝါသနာပါသော သုတေသနလုပ်ငန်းအတွက် ငွေကုန်ကြေးကျခံကာ ခရီးထွက်ခဲ့သူ ဖြစ်၏။

သူက ကျွန်ုပ် ကားပေါ်မှ ဆင်းလာသည် ကို ကြည့်ပြီး

"ဘယ်လိုလဲဆရာ ဒီကနေ့ မနက်ပိုင်းထုတ် သံတော်ဆင့် သတင်းစာကို ဖတ်ပြီးတာနဲ့ ကျွန်တော့်ဆီကို ချက်ချင်း ထွက်လာခဲ့သည် ထင်ပါရဲ့ "ဟု စုံထောက်ကြီး ဦးစံရှား လေသံမျိုးဖြင့် မေးလိုက်ရာ ကျွန်ုပ်မှာ များစွာ အံ့ဩသွားမိလေသည် ။

"ဘယ်လိုများ ကြိုသိနေသလဲဗျ"

"ဒါက အလွယ်လေးပါ ဆရာရယ်၊ ဒီလိုထူးဆန်းတဲ့ သတင်းမျိုးက ကျွန်တော် စိတ်ဝင်စားသလို ဆရာဖတ်မိရင်လည်း မုချ စိတ်ဝင်စားမှာပဲလို့ တွေးမိတာနဲ့ တမင်စောင့်နေတာပါ"

"တယ်လည်း ဟုတ်နေပါလား၊ ဟုတ်ပါ့ဗျာ၊ ဒီအတွက်ပဲ လာခဲ့တာပါ

ပဲ..."

ဟု နှစ်ယောက်သားအိမ်ထဲသို့ ဝင်ခဲ့ကြ၍ ဧည့်ခန်းတွင် ထိုင်မိသော အခါ ကျွန်ုပ်က...

"ကိုင်း ပြောပါဦး၊ သတင်းစာထဲမှာ ပါတဲ့ အတိုင်း အဲဒီကုလားမ သေတာ အဲဒီပတ္တမြားဘယက်ကြောင့်ပဲ မဟုတ်လား" ဟု သိချင်သော အချက်ကို မေးလိုက်သည်။

"သေချာတာပေါ့ ဆရာရယ်၊ ကျွန်တော် ခန့်မှန်းရတာ သေသွားတဲ့ မိန်းမဟာ အလွန်ဆုံး သုံးဆယ်ကျော်လောက်ပဲ ရှိရမယ်၊ ဒီအရွယ်မှာ သွေးသားတွေခန်းခြောက်သွားတဲ့ မီးယပ်ရောဂါလည်း မရှိနိုင်ဘူး၊ သွေးသားခန်းခြောက်စေတဲ့ သွေးဖြူကင်ဆာရောဂါမျိုး၊ မူးယစ်ဆေးကြောင့် ဖြစ်တဲ့ ရောဂါမျိုး၊ ကာလသားရောဂါမျိုးတွေတောင် ဒီလောက်အချိန်တို အတွင်းမှာ မြန်မြန်ဆန်ဆန် မသေနိုင်ဘူး၊ အခုတော့ နှစ်လသုံးလ အတောအတွင်းမှာ ချက်ချင်း အသွေးအသားတွေ ခန်းခြောက်ပြီး သေတာကိုတော့ အခြားပယောဂ တစ်ခုခုကြောင့် သေတယ်လို့ ကောက်ချက်ချလို့ ရနိုင်တယ်"ဟု ရှင်းပြလေသည်။

"ကိုင်း ဒါဖြင့် ရှင်းလက်စနဲ့ ဆက်ရှင်းပါဦး၊ ပတ္တမြားတို့ ဘာတို့ ဆိုတာ သက်ရှိပစ္စည်းမျိုးမှ မဟုတ်တာ လူအသက် သေစေနိုင်လောက်အောင် လုပ်နိုင်ပါ့မလား"

"ကျောက်ဆိုတာ ဘူမိပစ္စည်းတွေထဲမှာ ပါတယ် သူတို့ လည်း သစ်ပင်တွေ နွယ်ပင်တွေလို အသက်ရှိနိုင်တယ်၊ အထက်ဘက်မှာ ပေါ်ပေါက်ခဲ့တဲ့ ကျောက်လက်ဝါးလို ပစ္စည်းမျိုး၊ မြေရှင်လို ပစ္စည်းမျိုးတွေဟာ ဘူမိပစ္စည်းတွေက အသက်ဝင် သိဒ္ဓိဝင်နေတာမျိုးပါပဲ"

"အဲဒီ ကျောက်လက်ဝါးတို့ မြေရှင်တို့ ဆိုတာ လူကို ဒုက္ခရောက်

အောင် လုပ်နိုင်လို့ လားဟင်"

"ဒီလိုပစ္စည်းမျိုးတွေက သုံးတဲ့ လူအပေါ်မှာ မူတည်တယ်၊ သုံးတဲ့ လူက ကောင်းတာဘက်မှာ အကျိုးရှိတဲ့ ဘက်မှာ သုံးရင် အကျိုးရှိပြီး ကောင်းတယ်၊ သုံးတဲ့ လူက မကောင်းတဲ့ ဘက် အကျိုးမရှိတဲ့ ဘက်မှာ သုံးရင် မကောင်းဘူးပေ့ါ ဆရာရယ်၊ ဥပမာပြောရရင် ကျောက်လက်ဝါးကြီးကို ဆေးကုတဲ့ ဘက်မှာ သုံးရင် သိပ်ပြီး အကျိုးရှိတယ်"

"ဟင် ဘယ်လိုအကျိုးရှိတာလဲ"

"အရိုးအကြောနဲ့ ဆိုင်တဲ့ ဝေဒနာတွေကို ကျောက်လက်ဝါးကြီးနဲ့ ကုရင် ပျောက်တယ်"

"မကောင်းတဲ့ ဘက် ကျတော့ရော"

"အဲဒီလူကို နာအောင်ကျင်အောင် ကျိုးပဲ့အောင် လုပ်ခိုင်းရင်လည်း ရတယ်"

"အဲဒီ ကျောက်လက်ဝါးကြီးက သွားလုပ်တာလား"

"ဒီလို သိဒ္ဓိရှိတဲ့ ပစ္စည်းဆိုတော့ အမိန့်ပေး စေခိုင်းလို့ ရတယ်၊ ကျောက်လက်ဝါးကြီးကတော့ ဘယ်သွားမလဲ ဆရာရဲ့၊ ဒါပေမဲ့ ဓာတ်သဘောအရ ခိုက်ပြီး ဒုက္ခရောက်ရတာမျိုးပေ့ါ"

"အတော်ဆန်းကြယ်ပါလား"

"ဓာတ်တွေရဲ့ စွမ်းအားက အကျိုးရှိအောင် အသုံးချနိုင်ရင် အကျိုးရှိသလို အကျိုးမဲ့အောင် အသုံးပြုရင်လည်း သိပ်ကြောက်ဖို့ ကောင်းတယ်၊ ဆရာစာရေးတဲ့ အခါ ထည့်ရေးလို့ အောင် ကျွန်တော် နောက်ကျတော့ ရှင်းပြပေးပါမယ်"

"ကောင်းပါပြီ၊ ကောင်းပါပြီ ဒါထက် မောင်ရင်ပြောပုံအရဆိုရင် ဟို သတင်းစာထဲမှာ ပါတဲ့ ကုလားမဟာ သွေးရိုးသားရိုးသေတာ မဟုတ်ဘူး ပေါ့၊ ပတ္တမြားဘယက်ဝတ်မိလို့ သေရတာလို့ ပြောချင်တာလား"

"ဒီအတိုင်းပဲ ဖြစ်ရမှာ ပါပဲ"

"ကျုပ်တော့ မောင်ရင်ဆီက ဒီစကားကြားရတာနဲ့ အဲဒီပတ္တမြားဘယက်ကြီးကို အခုပဲ သွားကြည့်ချင်စိတ်တောင် ဖြစ်မိတော့တယ်"

"ဒီလောက်လည်း ဆန္ဒမစောပါနဲ့ စာရေးဆရာကြီးရယ် ကျွန်တော်တို့ ထင်တာ ဟုတ်မဟုတ် ခဏလေး စောင့်ကြည့်လိုက်ကြရအောင် တကယ်လို့ ဒီအတိုင်း မှန်ရင်တော့ မကြာခင်မှာ အဲဒီလို အလားတူဖြစ်ရပ်မျိုးတစ်ခု မလွဲမသွေ ထပ်ဖြစ်လာမှာ ပဲ"

"အဲဒီတော့ ဘာလုပ်မလဲ"

"အဲဒီတော့ ဈေးချိုချိုနဲ့ ရအောင် သွားဝယ်ပြီး သုတေသန လုပ်ကြည့်ရမှာ ပေါ့ ဆရာရယ်"

ဟု ဒေါက်တာမင်းထင်ကျော်က နှစ်သိမ့်ပြောဆိုသဖြင့် ကျွန်ုပ်လည်း ထိုပတ္တမြားဘယက်အကြောင်းကို ခေတ္တဖျောက်ကာ အခြားအကြောင်းများ ပြောဆိုပြီးနောက် ကျွန်ုပ်လည်း ပြန်လာခဲ့လေသည်။

******